# ဖန်ဆင်းရှင်မိန့်တော်မူသည်



သင်ခန်းစာ ၁၊ အောက်တိုဘာ ၃၊ ၂၀၂၄





“ရှေးလွန်လေပြီးသောအခါ ပရောဖက်များအားဖြင့် ဘိုးဘေးတို့အား အထပ်ထပ်အနည်းနည်း ဗျာဒိတ်ပေး
တော်မူသော ဘုရားသခင်သည်၊ ဤနောက်ဆုံးကာလအခါ မိမိသားတော်အားဖြင့် ငါတို့အား ဗျာဒိတ်ပေး
တော်မူပြီ။- ထိုသားတော်ကို အလုံးစုံတို့၏ အမွေခံသခင်အရာ၌ ခန့်ထားတော်မူ၏။ သားတော်အား
ဖြင့်လည်း လောကဓာတ်တို့ကို တည်တော်မူ၏” (ဟေဗြဲ ၁း၁-၂)

သင်သည် ဘုရားသခင်နှင့် တိုက်ရိုက်စကားပြောဖူးပါသလား။ ဘုရားသခင်၏စကားကို ကိုယ်တိုင်ကြားနိုင်ဖူးပါသလား။ အဖြေမှာ အထင်အရှားပါ၊ “မကြားဘူးပါ” ဖြစ်ပါသည်။

ကျွန်ုပ်တို့သည် သွယ်ဝိုက်သောနည်းဖြင့်သာ ဆက်သွယ်နိုင်ပါသည် (ဆုတောင်းခြင်း၊ သမ္မာကျမ်းစာ၊ ဖရောဖက်အားဖြင့်)

ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် တိုက်ရိုက်စကားပြောဆို၍ မရနိုင်သည့် အကြောင်းရင်းမှာ အဘယ်နည်း။ အစကတည်းက ဤသို့ပင် ဖြစ်ခဲ့ပါသလား။ တစ်နေ့နေ့တွင် ဘုရားသခင်နှင့်တိုက်ရိုက်စကားပြောဆိုနိုင်မည့် အခွင့်အရေး ရရှိလာမည်လော။






1. အစအဦး၌ ဘုရားသခင်သည် လူသားများနှင့်မည်သို့ ဆက်သွယ်ခဲ့သနည်း။
2. လူသားများနှင့်ဘုရားသခင် တိုက်ရိုက်ဆက်သွယ်ခြင်း မည်သို့ရပ်တန့်သွားခဲ့သနည်း။
3. ဘုရားသခင်သည် လူသားများနှင့် ဆက်သွယ်မှုကို ပြန်လည်တည်ဆောက်ရန် မည်သို့ကြိုးစားခဲ့သနည်း
4. ယခုအချိန်တွင် အဘယ်ကြောင့်ဘုရားသခင်နှင့် တိုက်ရိုက်ဆက်သွယ်၍ မရသနည်း။
5. ယခုအချိန်တွင် ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် မည်သို့ဆက်သွယ်ပြောဆိုကြမည်နည်း။

# အစအဦး၌ ဘုရားသခင်သည် လူသားများနှင့်မည်သို့ ဆက်သွယ်ခဲ့သနည်း။

“ထာဝရအရှင်ဘုရားသခင်ကလည်း၊ ကောင်းမကောင်းကို သိကျွမ်းရာအပင်မှတစ်ပါး၊ ထိုဥယျာဉ်၌ ရှိသမျှသောအပင်တို့၏အသီးကို သင်သည်စားရသောအခွင့်ရှိ၏” (ကမ္ဘာဦး ၂:၁၆)







အစအဦး၌ ဘုရားသခင်သည် လူသားတို့ နေထိုင်ရန်အတွက် ကမ္ဘာမြေကြီးကို ဖန်ဆင်းတော်မူခဲ့သည် (ဟေရှာ ၄၅:၁၈)။

အရာခပ်သိမ်း အသင့်ပြင်ဆင်ပြီးသောအခါ၊ ဘုရားသခင်သည် မြေမှုန့်ဖြင့် အာဒံကို ဖန်ဆင်းတော်မူခဲ့သည် (ကမ္ဘာ ၂:၄–၇)။

ထိုနေ့တွင်ပင် အာဒံ၏ နံရိုးတစ်ချောင်းကိုယူ၍ ဧဝကိုဖန်ဆင်းတော်မူခဲ့သည် (ကမ္ဘာ၂:၁၈၊ ၂၁–၂၂)။





ယခုအခါတွင် လူသားတို့သည် ပြည့်စုံလာသည်။ အသစ်ဖန်ဆင်းထားသော ကမ္ဘာကြီးတွင် နေထိုင်ရန် အသင့်ဖြစ်နေပြီဖြစ်သည် (ကမ္ဘာဦး ၁:၂၇)။

# အစအဦး၌ ဘုရားသခင်သည် လူသားများနှင့်မည်သို့ ဆက်သွယ်ခဲ့သနည်း။

“ထာဝရအရှင်ဘုရားသခင်ကလည်း၊ ကောင်းမကောင်းကို သိကျွမ်းရာအပင်မှတစ်ပါး၊ ထိုဥယျာဉ်၌ ရှိသမျှသောအပင်တို့၏အသီးကို သင်သည်စားရသောအခွင့်ရှိ၏” (ကမ္ဘာဦး ၂:၁၆)



ဤဖြစ်စဉ်အတွင်း ဘုရားသခင်နှင့် အာဒံတို့အကြား ဆက်သွယ်ပြောဆိုမှုများစွာ ရှိခဲ့သည်။

- ဧဒင်ဥယျာဉ်၌ သူလုပ်ဆောင်ရမည့်အလုပ်များနှင့်ပတ်သက်၍ ဘုရားသခင်သည် အာဒံအား ညွှန်ကြားချက်များ ပေးတော်မူခဲ့သည် (ကမ္ဘာဦး ၂:၁၅)။
- သူသည် လူသားတို့အတွက် ချမှတ်ထားသော ကန့်သတ်ချက်များကို ရှင်းလင်းပြောပြခဲ့သည် (ကမ္ဘာ ၂:၁၆–၁၇)။
- တိရစ္ဆာန်များကို အမည်ပေးရန် အာဒံအား တာဝန်ပေးခဲ့သည် (ကမ္ဘာ ၂:၁၉)။
- ဧဝနှင့် မိတ်ဆက်၍ သူတို့နှစ်ဦးကို လက်ထပ်ထိမ်းမြားစေခဲ့သည် (ကမ္ဘာ ၂:၂၂–၂၄)။

# အစအဦး၌ ဘုရားသခင်သည် လူသားများနှင့်မည်သို့ ဆက်သွယ်ခဲ့သနည်း။

“ထာဝရအရှင်ဘုရားသခင်ကလည်း၊ ကောင်းမကောင်းကို သိကျွမ်းရာအပင်မှတစ်ပါး၊ ထိုဥယျာဉ်၌ ရှိသမျှသောအပင်တို့၏အသီးကို သင်သည်စားရသောအခွင့်ရှိ၏” (ကမ္ဘာဦး ၂း၁၆)

ဘုရားသခင်သည် အာဒံနှင့် ဧဝတို့အား မည်သို့နေထိုင်ပြုမူရမည်နှင့် မည်သည့်အစားအစာများကို စားသုံးရမည်ကို ညွှန်ကြားပေးခဲ့သည် (ကမ္ဘာ ၁:၂၈–၂၉)။

ဘုရားသခင်သည် လူသားတို့ကို လူမှုဆက်ဆံရေးရှိသော သတ္တဝါများအဖြစ် ဖန်ဆင်းခဲ့သည်။ တစ်ဦးနှင့်တစ်ဦးသာမက အခြားသောသတ္တဝါများ (ဥပမာ—ကောင်းကင်တမန်များ) နှင့်လည်း ဆက်သွယ်ပြောဆိုနိုင်သော စွမ်းရည်ကို ပေးအပ်ခဲ့သည်။

ထို့နောက် သူတို့နှစ်ဦးသည် ထိုနေ့တစ်နေ့လုံး အချင်းချင်းအတူရှိ၍ ပေါင်းသင်းခြင်းကို ခံစားနိုင်ရန် သတ္တမနေ့ကို ဖန်ဆင်းပေးခဲ့သည်။

ထိုအချိန်မှစ၍ ဘုရားသခင်သည် နေ့စဉ်ညနေချမ်းအေးသောအချိန်၌ သူတို့နှင့် တွေ့ဆုံစကားပြောလေ့ရှိခဲ့သည်။ (ကမ္ဘာဦး ၃:၈)



# လူသားများနှင့်ဘုရားသခင် တိုက်ရိုက်ဆက်သွယ်ခြင်း မည်သို့ရပ်တန့်သွားခဲ့သနည်း။

“လူကလည်း၊ ဥယျာဉ်၌ ကိုယ်တော်၏အသံကို ကျွန်တော်ကြားလျှင်၊ အဝတ်အချည်းစည်းရှိသောကြောင့်၊ ကြောက်၍ ပုန်းလျက်နေပါသည်ဟု လျှောက်လေ၏” (ကမ္ဘာဦး ၃း၁၀)











အာဒံနှင့် ဧဝတို့သည် လွတ်လပ်စွာ ရွေးချယ်နိုင်သည့် စွမ်းရည်ရှိလျက် ဖန်ဆင်းခံခဲ့ကြသည်။ ထိုလွတ်လပ်စွာ ရွေးချယ်နိုင်မှုကို အသုံးချနိုင်ရန် ဘုရားသခင်သည် အရာအားလုံးကို သူတို့အားပေးအပ်ခဲ့သော်လည်း သစ်ပင်တစ်ပင်၏ အသီးကိုမူ မိမိအတွက် သီးသန့်ထားတော်မူခဲ့သည် (ကမ္ဘာ ၂:၁၆–၁၇)။


ထိုအပင်နီးတွင် စာတန်သည် မြွေအသွင်ဆောင်၍ အာဒံနှင့်ဧဝတို့၏ အကျိုးကိုလိုလားသကဲ့သို့ ဟန်ဆောင်ပြီး လိမ်လည်ပြောဆိုခဲ့သည်။ ထိုစကားကို ဧဝက အာဒံကိုပြောပြခဲ့သည်။ ထိုလိမ်လည်မှုမှာ "သင်တို့သည်မသေရကြ" ဖြစ်သည်။ သင်တို့သည် ဘုရားကဲ့သို့ဖြစ်လာမည်။ ဘုရားသခင်သည် အမှန်တရားကို ဖုန်းကွယ်ထားသည်၊ သူသိထားသည်" တို့ဖြစ်သည် (ကမ္ဘာ ၃း၁-၅)

တားမြစ်ထားသောအသီး၏ အံ့ဖွယ်စွဲမက်မှုကြောင့် ဧဝသည် ထိုအသီးကို စားခဲ့သည်။ ထို့နောက် အာဒံကိုလည်း စားရန် ဆွဲဆောင်ခဲ့ရာ အာဒံသည်လည်း စားခဲ့သည် (ကမ္ဘာ ၃:၆)။


ထိုအချိန်တွင် သူတို့ဝတ်ဆင်ထားသော ဘုန်းအသရေဝတ်ရုံ ပျောက်ကွယ်သွားခဲ့သည်။ အဝတ်အချည်းစည်းရှိကြောင်းသိလာကြသည်။ အမှားကို ဖုံးကွယ်ရန် နည်းလမ်းရှာဖွေကြသည် (ကမ္ဘာ ၃:၇)။ မနာခံမှုကြောင့် အပြစ်ရှိသည်ဟု ခံစားရသဖြင့် ဘုရားသခင်နှင့် မတွေ့ဆုံချင်တော့ဘဲ ပုန်းရှောင်ခဲ့ကြသည် (ကမ္ဘာ ၃း၈)

# ဘုရားသခင်သည် လူသားများနှင့် ဆက်သွယ်မှုကို ပြန်လည်တည်ဆောက်ရန် မည်သို့ကြိုးစားခဲ့သနည်း


“ထာဝရအရှင်ဘုရားသခင်ကလည်း၊ သင်သည် အဘယ်မှာရှိသနည်းဟု၊ လူကိုခေါ်တော်မူ၏” (ကမ္ဘာဦးကျမ်း ၃း၉)



အာဒံနှင့် ဧဝတို့ အပြစ်ပြုခဲ့ကြောင်း ဘုရားသခင်သိတော်မူသဖြင့်၊ ထုံးစံအတိုင်း သူတို့နှင့် စကားပြောရန် သူတို့ထံသို့ ကြွလာတော်မူခဲ့သည်။ သို့သော် ဤအကြိမ်တွင် သူတို့သည် ဝမ်းမြောက်စွာ ဘုရားသခင်ကို တွေ့ဆုံရန် ထွက်လာခြင်းမရှိ တော့ဘဲ၊ ဘုရားသခင်ကပင် သူတို့ကို ခေါ်ယူ၍ တွေ့ဆုံရတော့သည် (ကမ္ဘာ ၃:၈–၉)။



သူတို့သည် ဘုရားသခင်နှင့် ဆက်သွယ်ပြောဆိုလိုခြင်း မရှိတော့သော်လည်း၊ ဘုရားသခင်ကမူ သူတို့နှင့် ဆက်သွယ်ပြောဆိုရန် အလိုရှိနေဆဲဖြစ်သည်။ ဘုရားသခင်သည် သူတို့ကို မ ရှောင်ဖယ်ဘဲ၊ သူတို့၏အပြစ်ကို သိမြင်လာရန် ဖော်ပြပြီး နောင်တရလာရန် ရှာဖွေတော်မူခဲ့သည် (ကမ္ဘာ ၃:၁၀-၁၁)။



ရာစုနှစ်များကြာလာသည့်နောက်မှာလည်း ဘုရားသခင်သည် ပေတရုက မိမိ အပြစ်ကို သိမြင်ပြီး နောင်တရအောင် ကြည့်ရှုခဲ့သည် (လုကာ ၆၁-၆၂)



ပေတရုကဲ့သို့ မိမိအပြစ်ကိုမဝန်ခံဘဲ အာဒံနှင့်ဧဝတို့ကမူ ဘုရားရှေ့၌ မိမိတို့၏အပြစ်ကို ကိုယ်တိုင်အပြစ်မရှိသကဲ့သို့ မိမိတို့ကျူးလွန်ခဲ့သောအပြစ်အတွက် အခြားသူများကို အပြစ်တင်ခဲ့ကြသည် (ကမ္ဘာ ၃း၁၂-၁၃)

ယနေ့ ကျွန်ုပ်တို့လည်း အာဒံနှင့်ဧဝကဲ့သို့ ပြုမူကြသည်။ အပြစ်ကို ဖက်တွယ်လျက် အပြစ်ကင်းကြောင်း အကြောင်းပြရန် ကြိုးစားကြသည်။ အပြစ်သည် ကျွန်ုပ်တို့နှင့်တွယ်ကပ်နေသော်လည်း ဘုရားသခင်က ကျွန်ုပ်တို့ကို ပြန်လည်ထူတောင်ပေးလိုနေဆဲဖြစ်သည်။ ထို့ကြောင့် ကိုယ်တော်က "ငါ့ထံသို့လာကြလော့" (ဟေရှာယ ၅၅း၁) ဟုခေါ်နေသည်။

# ယခုအချိန်တွင် အဘယ်ကြောင့်ဘုရားသခင်နှင့် တိုက်ရိုက်ဆက်သွယ်၍ မရသနည်း။

**ထိုသို့လူကိုနှင်ထုတ်ပြီးလျှင်၊ အသက်ပင်လမ်းကို စောင့်ရှောက်စေခြင်းငှာ၊ မီးစက်လက်နက်နှင့်တကွ ခေရုဗိမ်တို့ကို ဧဒင်ဥယျာဉ်အရှေ့ဘက်၌ ထားတော်မူ၏” (ကမ္ဘာဦး ၃း၂၄)**




ဘုရားသခင်က အာဒံနှင့်ဧဝကို သူတို့ခံရမည့်ပြစ်ဒဏ်ကို ဖော်ပြခဲ့သည်။ ဧဒင်ဥယျာဉ်မှ နှင်ထုတ်ခံပြီးသည့်နောက် ဘုရားသခင်နှင့်တိုက်ရိုက်စကားပြောနိုင်တော့မည်မဟုတ်ကြောင်းလည်းပါဝင်သည် (ကမ္ဘာ ၃း၁၆-၂၄)

## အပြစ်၏အကျိုးဆက်များ

**ဧဝ**
၁။ မီးဖွားခြင်းဝေဒနာ
၂။ အာဒံနှင့်တန်းတူညီမှုဆုံးရှုံးခြင်း

**အာဒံ**
– အလုပ်ပင်ပန်းခြင်း
– စိုက်ပျိုးထွန်ယက်ခြင်း

**အားလုံး**
– သေခြင်း
– ဘုရားနှင့်ဝေးကွာခြင်း



အပြစ်၏အကျိုးဆက်များကို ဖော်ပြမပြောမီ ဘုရားသခင်သည် အပြစ်မှ လွတ်မြောက်ရန် ဖြေရှင်းချက်ကို ဦးစွာပေးခဲ့သည်။ ဧဝ၏သားစဉ်မြေးဆက်ထဲမှ တစ်ဦးသည် စာတန်၏အာဏာကို ချိုးဖျက်ကာ လူသားမျိုးနွယ်ကို ပြန်လည်ကယ်တင်ပေးမည်ဟု ကတိပြုခဲ့သည် (ကမ္ဘာ ၃:၁၅)။

ပရောဖက်များအားဖြင့် ကယ်တင်ခြင်းစီမံကိန်းကို မည်သို့ဆောင်ရွက်ပေးမည်ကို ကြိုတင်ဖော်ပြခဲ့သည်။ လူဇာတိကိုခံယူ၍ လူသားတို့၏အပြစ် အတွက် အသေခံမည်၊ ပြန်လည်၍ ရှင်ပြန်ထမြောက်ပြီး ထာဝရအသက်ကို ပေးသနားမည်ဟု ပြောပြခဲ့သည် (ဟောရှာယ ၉း၆၊ ၅၃း၆၊ ၁၀-၁၁)



အပြစ်တရား ပေါ်သည်နှင့်အမျှ ကယ်တင်ရှင်ကို ချက်ချင်းပေးတော်မူခဲ့သည်။



# ယခုအချိန်တွင် ကျွန်ုပ်တို့သည် ဘုရားသခင်နှင့် မည်သို့ဆက်သွယ်ပြောဆိုကြမည်နည်း။



"ထိုအတူ၊ အချင်းလူသား၊ သင့်ကို ဣသရေလအမျိုး၌ ကင်းစောင့်စေခြင်းငှာ ငါခန့်ထား သောကြောင့်၊ သင်သည် ငါ၏ နှုတ်ထွက်စကားကို **နာခံ၍ သူတို့ကို သတိပေးရမည်**"
**(ယေဇကျေလ ၃၃:၇)**





ဘုရားသခင်၏ ဆက်သွယ်ပြောဆိုခြင်းနည်းလမ်းနှစ်ရပ်ရှိပါသည်။ ၎င်းတို့မှာ ဖန်ဆင်းခြင်းနှင့် သမ္မာကျမ်းစာ တို့ဖြစ်ကြသည် (ရော ၁:၂၀၊ ၂ တိ၃:၁၅)။ ဖန်ဆင်းခြင်းက ဖန်ဆင်းရှင်ကိုဖော်ပြနေသော်လည်း အပြစ်ကြောင့် စွန်းထင်းလျက်ရှိသည်။ သို့သော် ကျမ်းစာသည် ဘုရားသခင်ထံမှ သတင်းစကားများကို ပရောဖက်များက တိုက်ရိုက်ရရှိသည်ဖြစ်၍ ရှင်းလင်းတိကျသည်။ ထို့အပြင် ကျမ်းစာ၌ ဘုရားသခင်၏အလိုတော်ကို ခရစ်တော်၏အသက်တာနှင့် သာသနာတော်တို့က အထင်ရှားဆုံး ဖော်ပြခဲ့ပါသည် (ဟေဗြဲ ၁း၁-၂)





သမ္မာကျမ်းစာက ကျွန်ုပ်တို့ကို 'ဘယ်သူလဲ၊ ဘယ်ကလာတာလဲ၊ ဘယ်ကို သွားနေကြတာလဲ' ဆိုသည်ကိုပြောပြသည်။ အရေးကြီးဆုံးမှာ ကျွန်ုပ်တို့၏ အသက်တာအတွက် ဘုရားသခင်၏ ရည်ရွယ်ချက်ကို ကျမ်းစာထဲတွင် ရှာဖွေရန်ဖြစ်သည်။

ထို့အပြင် ဘုရားသခင်သည် ဆုတောင်းခြင်းအားဖြင့် (ဆာ ၅:၂)၊ ကောင်းကင်တမန်များအားဖြင့် (တမန် ၈:၂၆)၊ ပရောဖက်များအားဖြင့် (ယောလ ၂:၂၈) နှင့် အထူးသဖြင့် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် (ယော ၁၄:၂၆) ကျွန်ုပ်တို့နှင့် ဆက်သွယ်ပြောဆိုတော်မူသည်။

“ဘုရားသခင်နှင့် လူသားတို့အကြား ပူးပေါင်းဆောင်ရွက်မှုရှိရန် ရည်ရွယ်ထားခြင်းဖြစ်သည်။ သို့သော် အာဒံ၏ လွန်ကျူးမှုကြောင့် ထိုအစီအစဉ်သည် အကြီးအကျယ် ထိခိုက်ပျက်စီးခဲ့သည်။ စာတန်သည် အာဒံကို အပြစ်ပြု စေရန် သွေးဆောင်ခဲ့သည်။ အာဒံအပြစ်မပြုမီကဲ့သို့ အပြစ်ပြုပြီးနောက်တွင် ဘုရားသခင်သည် သူနှင့်တိုက် ရိုက်ဆက်သွယ်ခြင်း မပြုနိုင်တော့ပေ။

လူသားတို့ ကျဆုံးပြီးနောက် ခရစ်တော်သည် အာဒံ၏ ဆရာဖြစ်လာခဲ့သည်။ လူသားတို့အတွက် ဘုရားသခင် ၏ ကိုယ်စားတော်အဖြစ် ရပ်တည်ပေးပြီး လူသားမျိုးနွယ်သည် ချက်ချင်းပျက်စီးခြင်းမှ ကယ်တင်ခံရစေရန် ဆောင်ရွက်ပေးခဲ့သည်။ ထို့အပြင် လူသားနှင့် ဘုရားသခင်အကြား ကြားဝင်ဖျန်ဖြေပေးသူအဖြစ်လည်း တာ ဝန်ယူခဲ့သည်။ အာဒံနှင့် ဧဝတို့အား မိမိတို့၏ သစ္စာစောင့်သိမှုကို ပြန်လည်ရရှိနိုင်ရန် စမ်းသပ်ကာလတစ်ရပ် ပေးအပ်ခဲ့ပြီး၊ ထိုကယ်တင်ခြင်းအစီအစဉ်တွင် သူတို့၏သားစဉ်မြေးဆက်အားလုံးလည်း ပါဝင်ခဲ့ကြသည်။

ဘုရားသခင်၏သားတော်၏ အပြစ်ဖြေခြင်းမရှိပါက ဘုရားသခင်ထံမှ လူသားတို့ထံသို့ ကောင်းချီးမင်္ဂလာနှင့် ကယ်တင်ခြင်းတို့ရောက်ရှိလာနိုင်မည် မဟုတ်ပေ။ ဘုရားသခင်သည် မိမိ၏ပညတ်တော်၏ ဂုဏ်သိက္ခာကို အလွန်အလေးထားတော်မူသည်။ ထိုပညတ်တော်ကို လွန်ကျူးခြင်းကြောင့် ဘုရားသခင်နှင့် လူသားတို့အကြား ကြောက်မက်ဖွယ်ကောင်းသော ခွဲခွာမှုကြီးဖြစ်ပေါ်လာခဲ့သည်။ အပြစ်ကင်းစင်သော အာဒံသည် မိမိဖန်ဆင်း ရှင်နှင့်တိုက်ရိုက်၊ လွတ်လပ်စွာ၊ ဝမ်းမြောက်စွာ ဆက်သွယ်ခွင့်ရရှိခဲ့သည်။ သို့သော် အပြစ်ပြုပြီးနောက်တွင် ဘုရားသခင်သည် ခရစ်တော်နှင့်ကောင်းကင်တမန်များမှတစ်ဆင့်သာ လူသားတို့ထံ ဆက်သွယ်တော်မူခဲ့ သည်။”


**EGW (Conflict and Courage, January 14)**

# နောက်ဆက်တွဲ - အယ်လင်ဂျီဝိုက်၏ အထ္ထုပ္ပတ္တိ



Ellen Gould နှင့် Elizabeth Harmon တို့သည် Eunice နှင့် Robert Harmon တို့၏ သားသမီးရှစ်ဦးအနက် အငယ်ဆုံးဖြစ်ကြပြီး၊ ၁၈၂၇ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်နေ့တွင် အမေရိကန်နိုင်ငံ၊ မိန်းပြည်နယ်၊ Gorham မြို့၌ မွေးဖွားခဲ့ကြသည်။

သိပ်မကြာခင်မှာပင် မိသားစုသည် ဦးထုပ်လုပ်ငန်းကို ပိုမိုတိုးချဲ့လုပ်ကိုင်နိုင်ရန် မိန်းပြည်နယ်၏ အဓိကမြို့ကြီးဖြစ်သော ပေါ့တ်လန်မြို့သို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြသည်။



အယ်လင်သည် အသက်ကိုးနှစ်အရွယ်တွင် ကျောင်းနေဖော်တစ်ဦးက ကျောက်ခဲဖြင့် ပစ်ပေါက်ခဲ့သဖြင့် မျက်နှာတွင် ပြင်းထန်သောဒဏ်ရာ ရရှိခဲ့သည်။ ထိုဒဏ်ရာကြောင့် ရေရှည်အကျိုးဆက်များ ခံစားခဲ့ရပြီး ကျောင်းပညာကို ဆက်လက်သင်ယူနိုင်ခြင်းမရှိတော့ဘဲ လူမှုရေးကန့်သတ်မှုများဖြစ်ပေါ်ခဲ့သည်။





မိသားစုသည် ဝီလျံ မီလာ၏ သွန်သင်ချက်များကို လက်ခံယုံကြည်ခဲ့ကြပြီး၊ ၁၈၄၂ ခုနှစ်တွင် အယ်လင်သည် မက်သဒစ်အသင်းတော်၌ နှစ်ခြင်းခံခဲ့သည်။

သို့သော် အယ်လန်သည် မိမိကိုယ်ကို ကယ်တင်ခြင်းနှင့်မထိုက်တန်သူဟု စိတ်ဓါတ်ကျခဲ့သည်။ ထိုအချိန် တွင် သင်းအုပ်ဆရာလေဝီ တော့ခ်မန်းက ဘုရားသခင်၏ ချစ်ခြင်းမေတ္တာကို နားလည်သဘောပေါက်အောင် ကူညီခဲ့သည်။

ထိုအချိန်မှစ၍ သူမသည် ယေရှုကို အလွန်နက်ရှိုင်းစွာ ချစ်မြတ်နိုးလာခဲ့ပြီး၊ သူမ၏ဘဝတစ်လျှောက်လုံး ယေရှုအတွက် သစ္စာရှိစွာ အမှုတော်ဆောင်ခဲ့သည်။